# Wordpress ကို ကိုယ့်ကွန်ပြူတာထဲမှာ သုံးမယ်

ဘလော့တွေ ရေးတဲ့အခါမှာ လူအများစု သုံးကြတာ ဂူးဂဲလ်က အခမဲ့ပေးတဲ့ blogspot ပါ။ ဝဘ်စာမျက်နှာ တွေ ရေးတဲ့အခါမှာတော့  joomla ကို လူကြိုက် ပိုများကြပြန်ရော။ အဲ ... ခုနောက်ပိုင်း မှာတော့  Wordpress ကလည်း လူသုံးများ လူကြိုက်များ လာခဲ့ပါပြီ။

အခု ဒီမှာ Wordpress ကို ကိုယ့်ကွန်ပြူတာထဲမှာ သုံးလို့ရအောင် (အင်တာနက် မရှိဘဲ offline သုံးနိုင်အောင်) ဘယ်လိုလုပ်ရမလဲ ဆိုတာကို ရှင်းပြချင်ပါတယ်။

ပထမဦးဆုံး xampp lite ဆော့ဝဲကို ဒေါင်းလုတ်ယူထားပါ။ အောက်မှာဖော်ပြထားတဲ့ လိပ်စာက တဆင့် နောက်ဆုံးဗားရှင်းကို ဒေါင်းလုတ်ယူနိုင်ပါတယ်။ (ကျနော် နောက်ဆုံး တွေ့ခဲ့တာ ကတော့ ver 1.7.1 ပါ။)

## Download software

1. ဒေါင်းလုတ် xampp lite exe (xampp- php aio software pack)

   http://www.apachefriends.org/en/xampp.html

   ဒေါင်းလုတ်တဲ့နေရာမှာ နောက်ဆုံးဗားရှင်းဖြစ်ဖို့နဲ့ installer ဖြစ်ဖို့ ဂရုပြုပါ။













## Install

2. ဒေါင်းလုတ်ရလာတဲ့ ဇစ်ဖိုင်ကို C:\ [primary drive] မှာ ထားပါ။
   (Vista windows သုံးသူတွေကတော့ C:\ မဟုတ်တဲ့ အခြား drive ကို ရွေးပါ။ Vista's User account control ရဲ့ တားဆီးမှုကို ရှောင်ရှားဖို့ဖြစ်ပါတယ်။)
3. Install လုပ်ပါ။ (ဇစ်ဖိုင်ကို double click လုပ်ရုံပါဘဲ။)
   xampplite ဆိုတဲ့ ဖိုလ်ဒါတခု ရလာပါမယ်။
4. xampplite ဖိုလ်ဒါထဲက setup_xampp.bat ကို double click လုပ်ပါ။
5. "you to have fun" စသဖြင့် ပြောတဲ့အခါ Enter ခေါက်ပေးပါ။

6. xampp-control.exe ကို double click ပါ။ box တခုတက်လာပါမယ်။
7. box ထဲက Apache နဲ့ My Sql တို့ဘေးက Start ခလုတ် ၂ခုကို ကလစ်လုပ်ပါ။ Running ဆိုပြီး အစိမ်းရောင် အောက်ခံလေးနဲ့ ပေါ်လာရင် အိုကေသွားပါပြီ။




Setup Data Base

8. Browser တခုကိုဖွင့်ပါ။ (Firefox or IE or other)
9. Browser's address bar မှာ http://localhost/xampp/splash.php လို့ရိုက်ထည့်ပြီး Enter ခေါက်ပေးပါ။ Language ရွေးဖို့ စာမျက်နှာတက်လာရင် နှစ်သက်ရာတခုကို ရွေးလိုက်ပါ။ (English ကိုရွေးပေါ့လေ။ မြန်မာမှ မရှိသေးဘဲကိုး)
10. နောက်ထပ်တက်လာတဲ့ စာမျက်နှာမှာ ဘယ်ဘက်မှာရှိတဲ့ phpMyAdmin ဆိုတာကို ရှာပြီး ကလစ်လုပ်ပါ။
11. phpMyAdmin စာမျက်နှာတက်လာရင် ပုံမှာပြထားတဲ့အတိုင်း Data Base တည်ဆောက်လိုက်ပါ။










Wordpress Install

12. www.wordpress.org ကိုဖွင့်ပါ။ Wordpress zip file နောက်ဆုံးဗားရှင်းကို ဒေါင်းလုတ်ယူပါ။
13. ဇစ်ဖိုင်ကိုဖြည်လိုက်ပါ။ ဖိုလ်ဒါတခုရလာပါမယ်။
14. ဖိုလ်ဒါထဲက wp-config-sample.php ဖိုင်ကို right click > open with > notepad နဲ့ ဖွင့်လိုက်ပါ။ အဲဒီထဲက define ကုတ် ၄ခုကို ပြင်ပေးရပါမယ်။ အောက်မှာပြထားတဲ့အတိုင်း ပြင်ပေးပါ။ 'ur desire name' နေရာမှာ အပေါ်ကပေးခဲ့တဲ့ Data Base အမည်အတိုင်းပေးရပါမယ်။ (ဥပမာ- abcxyz)

define(‘DB_NAME’, ‘ur desire name’); // The name of the database
define(‘DB_USER’, ‘root’); // Your MySQL username
define(‘DB_PASSWORD’, ”); // …and password
define(‘DB_HOST’, ‘localhost’); // 99% chance you won’t need to change this value

15. ပြင်ပြီးသွားရင် Save As > wp-config.php နာမည်နဲ့ မူရင်းဖိုလ်ဒါထဲမှာဘဲ သိမ်းပေးပါ။

16. Wordpress ဖိုလ်ဒါကို နာမည်ပြောင်းပေးပါ။ အပေါ်ကပေးခဲ့တဲ့ နာမည်အတိုင်း ပြောင်းပါ (ဥပမာ- abcxyz)။
17. နာမည်ပြောင်းပြီးရင် ဖိုလ်ဒါတခုလုံးကို C:xampplite > htdocs ဖိုလ်ဒါထဲ ထည့်ပေးပါ။ (Vista အတွက်ကတော့ C: အစား အခြားတခုဖြစ်ပါမယ်။)
18. Browser တခုခုကိုဖွင့်ပြီး address bar မှာ http://localhost/ur desire name/wp-admin/install.php လို့ရေးထည့်ပြီး Enter ခေါက်ပေးပါ။ (ur desire name မှာ အပေါ်က ပေးခဲတဲ့နာမည်ထည့်ပေးရပါမယ်။)
19. Blog title, Email ထည့်ပေးပါ။
20. Install Wordpress ကို ကလစ်ပါ။
21. ပေးလာတဲ့ Password ကို Copy လုပ်ထားပါ။
22. Login ဝင်ပါ။

23. admin ကိုကလစ်ပြီး အောက်ဆုံးနားမှာရှိတဲ့ New Password နေရာမှာ ကိုယ်ကြိုက်တဲ့ ပတ်စ်ဝါဒ်တခု ပြောင်းပေးပါ။ Update Profile ကိုကလစ်ပါ။ နောက်ပိုင်းကျရင် အဲဒီပတ်စ်ဝါဒ်နဲ့ ဝင်ရပါမယ်။

24. browser မှာ localhost/ur desire name ဆိုရင် သင့်ဝဘ်စာမျက်နှာကို လာလည်သူတွေ မြင်ရမယ့် မြင်ကွင်း။ localhost/ur desire name/wp-admin ဆိုရင် သင့်ဝဘ်စာမျက်နှာကို ပြင်ဆင်မယ့် အပိုင်းကို ရောက်ပါမယ်။

ပြီးပြည့်စုံသွားပါပြီ။

## Sub-directory

စာမျက်နှာအခွဲတခု ဘယ်လိုလုပ်ယူမလဲကြည့်ရအောင်။

(ကျနော်တို့အနေနဲ့ ကိုယ့်ရဲ့ ဘလော့/ဝဘ်ကို ဘာသာစကား ၂မျိုးနဲ့ထားချင်တယ်ဆိုပါစို့။ အများအားဖြင့်တော့ www.abcxyz.org မှာက မြန်မာလို။ www.abcxyz.org/eng မှာက English လို … အဲသလိုခွဲချင်တယ်ဆိုရင် ဘယ်လိုခွဲရလဲဆိုတာ … )

1. xamppliteհtdocs ဖိုလ်ဒါထဲထည့်ထားခဲ့တဲ့ abcxyz ဖိုလ်ဒါတခုလုံးကို ကော်ပီကူးပြီး တနေရာရာမှာ ထားပါ။
2. အဲဒီဖိုလ်ဒါထဲက wp-config.php ကို notepad နဲ့ဖွင့်ပြီး $table_prefix =‘wp_’; // နေရာမှာ wp_ နောက်မှာ ကိုယ်လိုချင်တဲ့အမည်တခုထည့်ပေးပါ။ ဥပမာ- wp_eng

   //
   You can have multiple installations in one database if you give each a unique prefix
   $table_prefix = ‘wp_eng’; // Only numbers, letters, and underscores please!

3. ဖိုလ်ဒါတခုလုံးကို eng လို့အမည်ပြောင်းပြီး xampplite > htdocsabcxyz ဖိုလ်ဒါထဲ ထည့်ပေးပါ။
4. Browser တခုကိုဖွင့်ပြီး http://www.abcxyz.org/eng/wp-admin/install.php လို့ ရိုက်ထည့် … Enter ခေါက်ပေးပါ။

ကျနော့်ဆီကို လာလည်ချင်ရင် zwekabin.org ကို လာခဲ့ပါ။ မေးလ်ကတော့ kyawcross@gmail.com ပါ။